# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၄၈)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၂ ရက်**

**(၂၀၁၅ ခုနှစ်၊ မေလ ၁၉ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၈)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၈)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၈)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦးရှိတဲ့အနက် ၃၇၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၇၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးမြင့်စိုး(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၉-၅-၂၀၁၅(အင်္ဂါနေ့)မှာ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၄၈)ရက်မြောက်နေ့တွင် ခွင့်ပန်ကြားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား ကျွန်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင် ဦးမြင့်စိုးမှ ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ယနေ့ခွင့်ပန်ကြားသူ ၈ ဦး၊ ယခင်ခွင့်ပန်ကြားသူ ၃၅ ဦး စုစုပေါင်း ၄၃ ဦးရှိပါတယ်ခင်ဗျား။ ယနေ့ခွင့်ပန်ကြားသူ ၈ ဦးမှာ-

(၁) ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း ခွင့် ၂ ရက်၊

(၂) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ခွင့် ၁ ရက်၊

(၃) ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၁ ရက်၊

(၄) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၁ ရက်၊

(၅) ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၃ ရက်၊

(၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမင်းဇော်လင်း ခွင့် ၁ ရက်၊

(၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်လွင် ခွင့် ၄ ရက်နှင့်

(၈) ကလောမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၂ ရက်တို့ ၈ ဦးအားခွင့်ပြုပေးပါရန် ရှိသေလေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၈ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ကျေးရွာသစ် ခြံမြေကွက်များ၏အကျယ်ကို သတ်မှတ်ရာတွင် လိုအပ်သော သီးနှံသိုလှောင်ဂိုဒေါင်၊ နွား၊ ဝက်မွေးမြူသော အဆောက်အဦနှင့် နွားစာသိုလှောင်ရန် ကောက်ရိုးပုံ၊ သီးနှံ၊ ပဲ၊ နှမ်းခြွေလှေ့သော တလင်းကွင်းတို့ပါ လိုအပ်သဖြင့် ခြံမြေအကျယ်ကို ၆၀ x ၁၂၀ ပေ တိုးမြှင့်သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးအောင်(သဲကုန်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ သဲကုန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးအောင်ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုသောမေးခွန်းကတော့ ကြိုးဝိုင်းကျူး များနှင့် ကျေးရွာအသစ်များ ဖွဲ့စည်းတဲ့နေရာမှာ မြေကွက်များချထားပေးမှုနှင့်ပတ်သက်၍ ခြံမြေကွက် များရဲ့အကျယ်ကို သတ်မှတ်တဲ့နေရာမှာ ကျေးရွာလူထုရဲ့အသက်မွေးဝမ်းကြောင်းဖြစ်တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် ပူးတွဲဆောင်ရွက်ရတဲ့အတွက် လိုအပ်တဲ့သီးနှံသိုလှောင်ဂိုဒေါင်နဲ့ တစ်နိုင် တစ်ပိုင်နွား၊ ဝက်မွေးမြူတဲ့အဆောက်အဦ၊ နွားစာသိုလှောင်တဲ့ကောက်ရိုးပုံ၊ သီးနှံ၊ ပဲ၊ နှမ်းခြွေလှေ့တဲ့ တလင်းကွင်းတို့ပါ လိုအပ်တဲ့အတွက် မြေနေရာချထားသည့်နေရာတွင် မြေကွက်၏အကျယ်ကို (၆၀ x ၁၂၀)ပေသို့ တိုးမြှင့်သတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိကို သိရှိလိုပါတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် ရိုသေလေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄)မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်မေးမြန်းတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။ ကျေးရွာသစ် ခြံမြေကွက်များရဲ့အကျယ်ကို သတ်မှတ်ရာမှာ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများအတွက် လိုအပ်တဲ့သီးနှံသိုလှောင်ဂိုဒေါင်၊ တစ်နိုင်တစ်ပိုင် နွား၊ ဝက်မွေးမြူရေး

အဆောက်အဦနှင့် နွားစာသိုလှောင်ရန်ကောက်ရိုးပုံ၊ သီးနှံ၊ ပဲ၊ နှမ်းချွေလှေ့တဲ့ တလင်းကွင်းတို့ပါ လိုအပ်တဲ့အတွက်ကြောင့် ခြံမြေအကျယ်ကို (၆၀ x ၁၂၀)ပေသို့ တိုးမြှင့်သတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိ စပ်လျဉ်းတဲ့မေးခွန်းနှင့်ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ ရှားပြင်ကြိုးဝိုင်းအတွင်း တရားမဝင် ကျူးကျော်အခြေချနေထိုင်တဲ့ အိမ်ထောင်စုများကို ကျေးရွာသစ်များ ဖွဲ့စည်းနေရာချထား ပေးနိုင်ရန်အတွက်ကို ကျွဲသေစခန်းမှတဲစုများအတွက် ရှားပြင်ကြိုးဝိုင်းအကွက်အမှတ်(၆၄)မှာ မြိုင်သာယာရွာအမည်ဖြင့်လည်းကောင်း၊ တံတောင်ကွေ့စခန်းမှ တဲစုများအတွက် ရှားပြင်ကြိုးဝိုင်း အကွက်အမှတ်(၅၂)မှာ ရွှေပြည်သာရွာအမည်ဖြင့်လည်းကောင်း ချထားပေးနိုင်ရေးကို စီမံချက်ရေးဆွဲ ဆောင်ရွက်ပေးခဲ့တဲ့အခါမှာ အိမ်ခြံမြေကွက်တစ်ကွက်ကို (၆၀ x ၁၀၀)ပေအကွက်များ၊ စုစည်းနေထိုင် မယ့်အိမ်ထောင်စုများအတွက် အိမ်ကွက်၊ လမ်းနှင့်အများသုံးမြေများ(စာသင်ကျောင်း၊ သာသနာ့မြေ၊ သုဿာန်မြေ)အဖြစ် လိုအပ်တဲ့လျာထားချက် ၈၅ ဧကလျာထားပြီးတော့ လက်ရှိအသုံးပြုမှု ၃၂ ဧက နှင့် အနာဂတ်အတွက်အသုံးပြုရန် (အရန်)မြေအဖြစ် ၅၃ ဧက လျာထားသတ်မှတ်ပြီးတော့ အဆင့်ဆင့် တင်ပြဆောင်ရွက်စေလျက်ရှိပါတယ်။

အဆိုပါမြေများကို သစ်တောပယ်ဖျက်ခွင့်ရရှိရေးအတွက်ကို သက်ဆိုင်ရာဌာနများနှင့် စီစဉ် ဆောင်ရွက်လျက်ရှိပြီး အနာဂတ်အတွက်အသုံးပြုရန် (အရန်)မြေအဖြစ် လျာထားချက်များရှိတဲ့ အတွက်ကြောင့် သစ်တောပယ်ဖျက်ခွင့်ရရှိပါက တင်ပြတောင်းဆိုထားတဲ့အတိုင်း တိုးမြှင့်သတ်မှတ် ပေးနိုင်ရေးအနေအထားမှာ ရှိပါတယ်။ ယခုလက်ရှိသတ်မှတ်ထားတဲ့ (၆၀ x ၁၀၀)ပေအကွက်များ အတိုင်း ချထားပေးပါကလည်း ကျေးရွာလူထုရဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရန် လုံလောက်တဲ့ မြေအနေအထားမှာရှိပါကြောင်းနှင့် သစ်တောကြိုးဝိုင်း/ကြိုးပြင်ဧရိယာပြင်ပမှာ ကျေးရွာသစ်များ တည်ထောင်လိုခြင်း သို့မဟုတ် ကျေးရွာဟောင်းများကို လူနေထိုင်ရန်အတွက် ရွာမြေများ တိုးချဲ့ပေးရန်တောင်းဆိုလာပါက (၆၀ x ၁၂၀) ပေအကွက်များ ခွင့်ပြုပေးနိုင်တဲ့ အနေအထားမှာမရှိပါဘူး။ မြေကွက်များကို ကျေးရွာလူထုရဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်တဲ့ သီးနှံသိုလှောင်ဂိုဒေါင်၊ တစ်နိုင်တစ်ပိုင် နွား၊ ဝက်မွေးမြူတဲ့အဆောက်အဦနှင့် နွားစာ သိုလှောင်ရန် ကောက်ရိုးပုံ၊ သီးနှံ၊ ပဲ၊ နှမ်းချွေလှေ့တဲ့ တလင်းကွင်းတို့ကိုပါ လိုအပ်တဲ့အတွက်ကြောင့် ခြံမြေအကျယ်ကို (၆၀ x ၁၂၀)ပေရှိမှ သင့်တော်မည်ဆိုသည်မှာ မှန်ကန်သော်လည်းပဲ အကွက်ရိုက် နိုင်တဲ့မြေအကျယ်အဝန်း ပြည့်စုံလုံလောက်မှုရှိပါက အခက်အခဲမရှိသော်လည်းပဲ မြေကွက်အကျယ်

အဝန်း ပြည့်စုံလုံလောက်မှုမရှိပါက သတ်မှတ်အကျယ်အဝန်း(၆ဝ x ၁၂ဝ)ပေအတွက်ကို အကွက်ရိုက်ပေးဖို့ အခက်အခဲရှိနိုင်မှာဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက်ကြောင့် ကျေးရွာသစ်/မြေကွက်သစ်ကို သတ်မှတ်ပေးရာမှာ လူနေခြံမြေကွက်များသာမက စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ ကျေးလက်ဆေးပေးခန်း၊ ဈေး၊ ကျေးလက်လမ်းများ စသည့်အခြေခံအဆောက်အဦများအတွက်ပါ စီစဉ်ဆောင်ရွက်ပေးရမှာဖြစ်တဲ့အတွက်ကြောင့် စီမံခန့်ခွဲပေးနိုင်တဲ့ မြေနေရာအကျယ်အဝန်းပေါ် မူတည်ပြီးတော့ မြေကွက်အကျယ်အဝန်းနှင့် မြေနေရာသတ်မှတ်အကျယ်အဝန်းကို ပြည့်စုံလုံလောက်ပါက ကျေးရွာလူထုအတွက် (၆ဝ x ၁၂ဝ)ပေ အကျယ်အဝန်းကို သတ်မှတ်ချထားပေးနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့ အမှတ်(၂)ရပ်ကွက်၊ ရွှေပြည်သာရှိ အလျား ၆၂ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၂၅ ပေရှိ မေတ္တာပေါင်းကူးတံတားကို အသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်သီ၊ လွိုင်လင်မဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လွိုင်လင်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီဖြစ်ပါတယ်။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း လွိုင်လင်မြို့နယ်၊ ပင်လုံဒေသရှိမိဘပြည်သူများနှင့် ကွင်းဆင်းတွေ့ဆုံခဲ့ရာမှာ မိဘပြည်သူများမှ သက်ဆိုင်ရာဌာနသို့ တင်ပြပေးနိုင်ပါရန် တင်ပြလာခဲ့ကြပါတယ်။ ပင်လုံမြို့၊ အမှတ်(၂)ရပ်ကွက်ရှိ မေတ္တာပေါင်းကူးတံတားဟာ ယိုယွင်းပျက်စီးနေပြီး အချိန်မီပြုပြင်ခြင်းမရှိပါက ခရီးသွားမိဘပြည်သူများ၊ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များမှာ အန္တရာယ်ရှိပါကြောင်း၊ ပျက်စီးသွားသည့်အချိန်မှ ပြုပြင်မည်ဆိုပါက ဆိုးကျိုးများကိုခံစားရမည်ကို မိဘပြည်သူများမှ လိုလားခြင်းမရှိပါသဖြင့် ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာဌာနသို့ အောက်ပါမေးခွန်းကို မေးမြန်းပါ့မယ်ခင်ဗျား။

**မူကြမ်း**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ အမှတ်(၂)ရပ်ကွက်၊ ရွှေပြည်သာရှိ အလျား ၆၂ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၂၅ ပေရှိ မေတ္တာပေါင်းကူးတံတားအသစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါတယ်။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိလိုပါတယ်။ အစီအစဉ်မရှိပါက အဘယ်ကြောင့်လဲဆိုတာ ဖြေကြားပေးဖို့အတွက်ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၊ လွိုင်လင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီမေးမြန်းတဲ့မေးခွန်းနှင့် ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ကျွန်တော်ကပဲ ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ အမှတ်(၂)ရပ်ကွက်၊ ရွှေပြည်သာမှာရှိတဲ့ အလျား ၆၂ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၂၅ ပေရှိတဲ့ မေတ္တာပေါင်းကူးတံတားအသစ်မှာ ပင်လုံမြို့၊ ရွှေပြည်သာရပ်ကွက်မှ ပါမုန့်ကျေးရွာသို့ ဆက်သွယ်ထားတဲ့တံတားဖြစ်ပြီးတော့ ခန့်မှန်းငွေကျပ် သိန်း ၈၀၀ ခန့်ကုန်ကျမည်ဖြစ်ပြီး အသေးစိတ်ကွင်းဆင်းတိုင်းတာတွက်ချက်ပြီးတော့ ပင်လုံမြို့စည်ပင်သာယာရေးဌာနနဲ့ လွိုင်လင်မြို့နယ်စည်ပင်သာယာရေးဌာနတို့ရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေရရှိမှုပေါ် မူတည်ပြီးလည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ထောက်ပံ့ငွေဖြင့်သော်လည်းကောင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ညောင်ဦးမြို့နယ်၊ ငါ့သယောက်မြို့ရှိ ပုဂံဗိုလ်ချိုကောင်းမှု ဝတ္တကမြေမှာ ၁၃.၆ ဧကရှိပါသဖြင့် ဘုရားဝတ္တကမြေပေါ်တွင် ဆောက်ထားသော ကျူးကျော်အိမ်များအတွက်မြေနေရာအစားပေးနိုင်၊ မပေးနိုင်နှင့် မူလဝတ္တကမြေအနေအထားအတိုင်းဖြစ်စေရန် ဖယ်ရှားပေးခြင်းပြုနိုင်၊ မပြုနိုင်သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ကြိုင်၊ ညောင်ဦးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကြိုင်(ညောင်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များခင်ဗျား မင်္ဂလာပါလို့နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ငါ့သယောက်မြို့ရှိ ပုဂံဗိုလ်ချိုကောင်းမှု ကျောက်စေတီရဲ့ ဝတ္တကမြေဟာ ၁၃.၆ ဧကရှိပါတယ်။ ဝတ္တကမြေဖြစ်ကြောင်း ဒေသခံပုဂ္ဂိုလ်လေးဦးနှင့် အဆက်ဆက်ထိန်းသိမ်းစောင့်ရှောက်လာခဲ့သော ဆရာတော်များက ထောက်ခံစာများနှင့်တကွ တင်ပြလာပါတယ်။ ဒေသခံသြဝါဒါစရိယ ဆရာတော်များ၊ ဂေါပကအဖွဲ့များ၊ ဒေသခံပုဂ္ဂိုလ်များက ကျူးကျော်အိမ်များတစ်စတစ်စတိုး၍ ဆောက်လုပ်လာကြသည်ကို ဒေသခံပြည်သူများ မကျေမနပ်ဖြစ်နေကြပါတယ်။ အထူးသဖြင့် ဆရာတော်ကြီးများ စိတ်မချမ်းမသာ ဖြစ်နေကြသည်ကို သိရှိရပါတယ်။ သို့ပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ မေးခွန်း(၁) ဘုရားဝတ္တကမြေပေါ်တွင်ဆောက်ထားသော ကျူးကျော်အိမ်များအတွက် မြေနေရာအစားပေးနိုင်/ မပေးနိုင် မေးခွန်း(၂)ကတော့ ကျူးကျော်အိမ်များကို မူလဝတ္တကမြေအနေအထားအတိုင်းဖြစ်စေရန် ဖယ်ရှားပေးခြင်းပြုနိုင်/မပြုနိုင် သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင် မေးမြန်းတဲ့မေးခွန်းနှင့် ပတ်သက်ပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ကျွန်တော်ကပဲ ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာဖြစ်ပါတယ်။

**မူကြမ်း**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ငါ့သရောက်မြို့မှာရှိတဲ့ ပုဂံဗိုလ်ချိုကောင်းမှု ဝတ္တကမြေမှာ ၁၃.၆ ဧက ရှိပါသဖြင့် ဘုရားဝတ္တကမြေပေါ်မှာရှိတဲ့ ဆောက်ထားတဲ့ကျူးကျော်အိမ်များကို မြေနေရာအစားပေးနိုင်ခြင်းရှိ/မရှိ၊ ကျူးကျော်အိမ်များကို ဘုရားဝတ္တကမြေအနေအထားအတိုင်း ဖြစ်စေရန် ဖယ်ရှားပေးခြင်းပြုနိုင်/မပြုနိုင် သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်းနှင့်ပတ်သက်ပြီး မြေဧရိယာ ၁၃.၀၆ ဧကမှာ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ငါ့သရောက်မြို့မှာရှိတဲ့ ပုဂံဗိုလ်ချိုကောင်းမှု ဝတ္တကမြေဖြစ်ပြီးတော့ ဧရိယာ ၁၃.၆ ဧက၊ ကွင်းအမှတ် (၁၄၇၅)၊ ထန်းတောငယ်ကွင်းဖြစ်ပါတယ်။ အဆိုပါမြေများသည် ငါ့သရောက်မြို့မဖွဲ့စည်းမီ ၂၀၀၃ ခုနှစ်မှာ ပြန်လည်တိုင်းတာတဲ့ စာရင်းမြေပုံများအရ မြေကွက်အမှတ်(၂၈)မှ ဧရိယာ ၂.၆၀ ဧကနှင့် မြေကွက်အမှတ်(၃၀)မှ မြေဧရိယာ ၀.၁၄ ဧကတို့မှာ စိုက်ပျိုးနိုင်သောမြေရိုင်းများ၊ မြေကွက်အမှတ်(၃၉)မှ ဧရိယာ ၁.၂၅ ဧကမှာ လမ်းမြေများ၊ မြေကွက်အမှတ်(၄၀)မှာ ဧရိယာ ၁.၈၉ ဧက၊ မြေကွက်အမှတ်(၄၁)မှ ဧရိယာ၂.၄၉ ဧကနှင့် မြေကွက်အမှတ်(၃၁)မှ ဧရိယာ ၂.၅၀ ဧကတို့မှာ အခြားအဆောက်အဦမြေများ၊ မြေကွက်အမှတ်(၂၉)မှ ဧရိယာ ၀.၁၄ ဧကမှာ မြစ်ချောင်းနှင့်ရေအောက်မြေများဖြစ်ကြောင်း တွေ့ရှိရပါတယ်။ စုစုပေါင်း မြေဧရိယာ ၁၁.၀၁ ဧကမှာ မြေရိုင်းနှင့် (OA)မြေများဖြစ်ပြီး ၄င်းမြေများမှာ အိမ်ခြေ(၂၁)လုံးနှင့် ဘုရားပွဲဇာတ်ရုံအဆောက်အဦ(၁)လုံးဆောက်လုပ်ထားပါတယ်။ ဦးပိုင်အမှတ်(၃)၊ မြေကွက်အမှတ်(၃၂)မှ ဧရိယာ ၂.၀၅ ဧကမှာ ယာမြေများဖြစ်ပြီးတော့ ၄င်းမြေနေရာကို ဘုရားမြေနေရာအဖြစ် အသုံးပြုထားပါသည်။

အထက်ပါမြေဧရိယာ ၁၃.၀၆ ဧကဟာ သာသနာပိုင်မြေအဖြစ် အမိန့်ချမှတ်ထားခြင်းမရှိသော်လည်းဘဲ မြို့နယ်နိမိတ်သတ်မှတ်ရာတွင် မြို့နယ်ဧရိယာအတွင်းပါဝင်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ၄င်းမြေဧရိယာ ၁၃.၀၆ ဧကအတွင်း လွန်ခဲ့သောနှစ် (၅၀) ခန့်ကပင် အဆောက်အဦများ အခိုင်အမာဆောက်လုပ်နေထိုင်ခဲ့ပါသဖြင့် ဖယ်ရှားမည်ဆိုပါက အခက်အခဲများရှိနိုင်ပါကြောင်း စိစစ်တွေ့ရှိရပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်။

**ပြည်သူ့ဘဏ္ဍာငွေများဖြင့် ဆောက်လုပ်သည့် ကျောင်းဆောင်များအား ကန်ထရိုက်ရရှိသည့် ကုမ္ပဏီများမှ ဆောက်လုပ်ရာတွင် အရည်အသွေးမပြည့်မီသော Foundation များပြုလုပ်သည့် ကုမ္ပဏီများအား Black list သွင်းခြင်း၊ လုပ်ငန်းကိုပြည်လည်အပ်နှံစေခြင်းစသည့် အရေးယူခြင်းများ ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်သိန်းလင်း(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ရှိသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းမေးရတဲ့ရည်ရွယ်ချက်ကို ဦးစွာ တင်ပြလိုပါတယ်။ အစိုးရသစ်လက်ထက်မှာ ပညာရေးနဲ့ပတ်သက်ပြီးတော့မှ နှစ်စဉ်ရန်ပုံငွေတွေ တိုးမြှင့်ချထားပေးတဲ့အတွက် ကျောင်းဆောင်များနှစ်စဉ်အရေအတွက် တိုးတက်ဆောက်လုပ်ခွင့်ရရှိလာကြပါတယ်။ တစ်နိုင်ငံလုံးမှာ ပြည်သူ့ဘဏ္ဍာငွေနဲ့ဆောက်လုပ်ကြတဲ့ ကျောင်းတွေရဲ့အရည်အသွေး ပြည့်မီပြီး ရေရှည်တည်တံ့ခိုင်မြဲစေရန် ရည်ရွယ်ပြီးတော့မှ ကျွန်တော်တို့တောင်ဥက္ကလာပမြို့နယ်မှာ ဆောက်နေတဲ့ကျောင်းတွေကို နမူနာပေးပြီး ဒီမေးခွန်းကိုမေးရခြင်းဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြည်သူ့ဘဏ္ဍာငွေနဲ့ ကျွန်တော်တို့တောင်ဥက္ကလာပမြို့နယ်မှာ ကျောင်းဆောင် ၁၄ ဆောင် ဆောက်လုပ်ခွင့်ရရှိခဲ့ပါတယ်။ အဆိုပါကျောင်းဆောင်များအနက် တောင်ဥက္ကလာပမြို့နယ် အမှတ်(၄) အထက်တန်းကျောင်းအတွင်း ဆောက်လုပ်လျက်ရှိတဲ့ ပေ ၁၉၀ ပေ ၃၀ RC နှစ်ထပ်ကျောင်းဆောင်ရဲ့ Foundation တည်ဆောက်မှုကို မြို့နယ်အရည်အသွေးစစ်ဆေးရေး ကော်မတီကနေပြီးတော့မှ ၁၃-၁၂-၂၀၁၄ ရက်နေ့မှာစစ်ဆေးတဲ့အခါမှာ Foundation မှာ Ground Beam မပါရှိခြင်း၊ Foundation လိုင်းများမှ ၁၈ လက်မ အုတ်ရိုးစီရမယ့်အစား သဲအိတ်များစီပြီးတော့ ဆောင်ရွက်ထားခြင်းများကို တွေ့ရှိရပါတယ်။ ဆောက်လုပ်တဲ့မြေနေရာကလည်း ကန်စွန်းခင်းမြေပျော့ဖြစ်နေတဲ့အတွက် ဒီအဆောင်ဟာ ဆောက်ပြီးလို့ရှိရင် ရေရှည်တည်တံ့ခိုင်မြဲမှုမရှိဘဲနဲ့ ပြိုပျက်သွားမယ်လို့ သုံးသပ်ရပါတယ်။ အလားတူပဲ ပြည်နယ်နဲ့တိုင်းဒေသကြီးတွေမှာလည်း ပြည်သူ့ဘဏ္ဍာငွေနဲ့ ဆောက်နေတဲ့ကျောင်းတွေဟာလည်း အားနည်းချို့ယွင်းချက်တွေရှိနေနိုင်ပြီး ပြည်သူ့ဘဏ္ဍာငွေသာ ကုန်သွားမယ်။ အိတ်ပေါက်နဲ့ဖားကောက်သလို ဖြစ်မှာဖြစ်တဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ မေးခွန်း(၁) ပြည်သူ့ဘဏ္ဍာငွေများဖြင့်ဆောက်လုပ်သည့် ကျောင်းဆောင်များအား ကန်ထရိုက်ရရှိသည့်ကုမ္ပဏီများက ဆောက်လုပ်ရာတွင် ဆောက်လုပ်သည့် ကျောင်း

ဆောင်များ၏အရည်အသွေးကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက မည်ကဲ့သို့ကြပ်မတ် စစ်ဆေးပြီး၊ မည်ကဲ့သို့တာဝန်ယူမည်ကို သိလိုပါသည်။ မေးခွန်း(၂) အသစ်ဆောက်လုပ်သည့် ကျောင်းဆောင်များရဲ့သက်တမ်းကို မည်မျှသတ်မှတ်သည်ကိုသိလိုပါသည်။ မေးခွန်း(၃) အရည်အသွေး မပြည့်မီသော Foundation များပြုလုပ်သည့် ကုမ္ပဏီတွေကို Black List သွင်းခြင်း၊ လုပ်ငန်းပြန်လည် အပ်နှံစေခြင်းစသည့် အရေးယူခြင်းမျိုး ဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနကိုယ်စား ကျွန်တော်ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းရဲ့ မေးခွန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ် တင်ပြသည့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ် အမှတ်(၄) အခြေခံပညာအထက် တန်းကျောင်းအတွင်း ၁၉၀ x ၃၀ ပေ၊ RC နှစ်ထပ်ကျောင်းဆောင်နှင့်ပတ်သက်၍ အဆိုပါ ကျောင်းဆောက်လုပ်လျက်ရှိသည့်နေရာကို အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးနှင့် မိဘဆရာအသင်းမှမြေနေရာရရှိမှုအခြေအနေပေါ်မူတည်၍ စိစစ်ရွေးချယ်ခဲ့ခြင်း ဖြစ်ပါတယ်။ အဆိုပါမြေနေရာသည် မြေပျော့နေရာဖြစ်၍ ရေစုပ်ထုတ်ပြီး ဌာနမှသတ်မှတ်ထားသည့် PB အတိုင်း ဆောက်လုပ်ခဲ့ပါတယ်။ တိုင်တစ်ခုနှင့်တစ်ခု ဆက်သွယ်သည့်မြေနေရာသည် မြေပျော့ဖြစ်သည့်အတွက် မြေထိန်းနံရံပြုလုပ်နိုင်ရန် သဲအိတ်ခင်းကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

အဆိုပါကျောင်းဆောက်လုပ်နေမှုကို ၂၀-၁၂-၂၀၁၄ ရက်နေ့တွင် အခြေခံပညာဦးစီးဌာနမှအင်ဂျင်နီယာအဖွဲ့ကသွားရောက်စစ်ဆေးခဲ့ပါတယ်။ ၁-၁-၂၀၁၅ ရက်နေ့တွင် ထပ်မံသွားရောက်စစ်ဆေးခဲ့ပြီး သဲအိတ်များကို ဖယ်ရှားရန်၊ ၁၈ လက်မအုတ်ရိုးပြန်စီရန်၊ Ground Beam ပြန်ထည့်ရန်မှာကြားခဲ့ပြီး ၁၄-၁-၂၀၁၅ ရက်နေ့မှစတင်၍ လုပ်ငန်းများပြန်လည်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဦးစီးဌာနများအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တင်ဒါခေါ်ယူဆောင်ရွက်ပါတယ်။ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများသို့ လုပ်ငန်းအပ်နှံရာတွင် လုပ်ငန်းတန်ဖိုး၊ အသေးစိတ် Drawing၊ သတ်မှတ်စံချိန်စံညွှန်းများ ထည့်သွင်း၍ စာချုပ်ချုပ်ဆိုပါတယ်။ လုပ်ငန်းဆောင်ရွက်ရာ၌ ငွေထုတ်ယူသည့် အရစ်တိုင်းတွင် အဆောက်အဦ အရည်အသွေးပြည့်မီရေးကို လုပ်ငန်းအမျိုးအစားအလိုက် အရည်အသွေးစစ်ဆေးရေးအဖွဲ့များဖြင့် Drawing ပါပုံစံနှင့်ကိုက်ညီမှုရှိ/မရှိစစ်ဆေးဆောင်ရွက်ပါတယ်။

အုတ်ညှပ်ကျောင်းဆောင်များအတွက် အရည်အသွေးစစ်ဆေးရာတွင် စစ်ဆေးရမည့် အချက်အလက်အသေးစိတ်ပုံစံများ Check List ပေးပို့ထားပြီး မြို့နယ်ပညာရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ကျောင်းအကျိုးတော်ဆောင်၊ ကျောင်းအုပ်ကြီးတို့မှ စစ်ဆေးပါတယ်။ RCC ကျောင်းဆောင်များအတွက် အရည်အသွေးစစ်ဆေးရာတွင် စစ်ဆေးရမည့်အချက်အလက်အသေးစိတ်ပုံစံများကို ပေးပို့ထားပြီး ကျောင်းအုပ်ကြီး၊ ကျောင်းအကျိုးတော်ဆောင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ လက်ထောက်မြို့နယ်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်အင်ဂျင်နီယာတို့မှ အဆင့်လိုက်စစ်ဆေးပြီး ကြီးကြပ်မှု၊ တာဝန်ယူမှုများဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ကျောင်းဆောင်များအား ဖျက်သိမ်း၍ အသစ်ဆောက်လုပ်လိုပါကြောင်း တင်ပြလာသည့် ကျောင်းများ၏သက်တမ်းကို သစ်သားဆောင် ၁၀ နှစ်၊ အုတ်ညှပ်ဆောင် ၂၀ နှစ်နှင့် RCC ကျောင်းဆောင် ၅၀ နှစ်သတ်မှတ်ပါတယ်။ စံချိန်စံညွှန်း မပြည့်မီသောပစ္စည်းများဖြင့် တည်ဆောက်ခြင်း၊ တင်ပြထားသော အရေအတွက်ထက်လျော့၍ တည်ဆောက်ခြင်းများအား ဆောက်လုပ်သည့်ကုမ္ပဏီများမှ ပြန်လည်အစားထိုးပြင်ဆင်ပေးရန်၊ လုပ်ငန်းလက်ခံသူက တာဝန်ယူရန်၊ စာချုပ်စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းမဆောင်ရွက်နိုင်ခြင်းနှင့် စာချုပ်စည်းကမ်းဖောက်ဖျက်ပါက အခြားသင့်တော်သူများအား လုပ်ငန်းအပ်နှံသူက အစားထိုးလုပ်ကိုင်စေခြင်း၊ နာမည်ပျက်စာရင်းထည့်သွင်းကြေညာခြင်း၊ ဥပဒေအရတရားစွဲဆိုခြင်းများကို ခံယူရမည်ဖြစ်ပါကြောင်း လုပ်ငန်းအပ်နှံမှုစာချုပ်ချုပ်ဆိုချိန်တွင် သဘောတူညီလက်မှတ်ရေးထိုး ဆောင်ရွက်ထားရှိပါသဖြင့် အရည်အသွေးမပြည့်မီသော Foundation များပြုလုပ်သည့်ကုမ္ပဏီများအား Black List စာရင်းသွင်းခြင်း၊ လုပ်ငန်းကို ပြန်လည်အပ်နှံစေခြင်းစသည်အရေးယူမှုများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဖလမ်းမြို့နယ်ရှိ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ကျောင်း သုံးကျောင်းအတွက် ရန်ပုံငွေကျပ် ၁၈ သန်းစီ ချပေးခဲ့ရာ နှစ်ကျောင်းကို တည်ဆောက်ပြီးဖြစ်သော်လည်း အ.မ.က ပါလ်သဲအတွက် ခွင့်ပြုရန်ပုံငွေမှာ ယနေ့အထိ အကောင်အထည်ဖော်ခြင်းမရှိသဖြင့် မည်သည့်နေရာသို့ ရန်ပုံငွေလွှဲပြောင်းခဲ့သည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခွန်လိန်း(ဖလမ်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ရှိသေလေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ခုလို ကြယ်ပွင့်ပြမေးခွန်း မေးခွင့်ရတဲ့အတွက်ကြောင့် ကျေးဇူးတင်ဝမ်းမြောက်ပါတယ်။ ပထမဦးစွာ ကျွန်တော် မေးခွန်းမှာဘဏ္ဍာရေးနှစ်များ မှားယွင်းဖော်ပြမိတဲ့အတွက်ကြောင့် ခွင့်လွှတ်ပေးဖို့လည်း ရှေးဦးစွာ ပန်ကြားလိုပါတယ်။ အမှန်ကတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ဖြစ်ပါတယ်။ ဒီဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ဖလမ်းမြို့နယ်မှာ ဥပဓိရုပ်အဆိုးဆုံးကျောင်း သုံးကျောင်းကို တင်ပြပါလို့ ကျွန်တော်တို့ရဲ့ ပညာရေးမြှင့်တင်မှုကော်မတီကနေပြီးတော့ တာဝန်ပေးတဲ့အတွက်ကြောင့် ကျွန်တော်သုံးကျောင်းတင်ပြခဲ့ပါတယ်။ အဲဒီထဲမှာ နှစ်ကျောင်းကတော့ ပြီးစီးသွားပါပြီ။ သို့သော်လည်းပဲ ကျန်ရှိနေသေးတဲ့ အ.မ.က ပါလ်သဲဆိုတဲ့ရွာမှာ ယနေ့ထက်တိုင်အောင် မည်သည့်အကြောင်းတစ်စုံတရာမှ သိရှိခြင်းမရှိဘဲ အကောင်အထည်ဖော်ခြင်းမရှိတာကို ကျွန်တော်ကိုယ်တိုင် ၂၀၁၄ ခုနှစ် ဩဂုတ်လထဲမှာ ရောက်ရှိတဲ့အချိန်မှာ မျက်မြင်ကိုယ်တွေ့ဖြစ်ပါတယ်။ ကျေးရွာသားတွေကို မေးမြန်းတဲ့အခါမှာလည်း သူတို့အနေနဲ့ ဒီရန်ပုံငွေရ/မရလည်းမသိဘူး။ ကျေးရွာဆိုတော့လည်း သိတဲ့အတိုင်းပဲ အထက်ကပဲပြောပြမှ သိရမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ မပြောပြလို့လား၊ ဘာကြောင့်လဲမသိဘူး။ သူတို့မှာ ဒီကျောင်းဆောက်လုပ်ဖို့ရန်အတွက် ရန်ပုံငွေရတယ်ဆိုတာကို မသိရှိခဲ့ပါဘူးတဲ့။ အဲဒါနဲ့ ကျွန်တော်တို့ စောင့်ကြည့်တဲ့အခါမှာ ယနေ့ထက်တိုင် အဲဒီကျောင်းရဲ့ဆောက်လုပ်မှု အခြေအနေကတိုးတက်လာတာလည်းမရှိဘူး။ ကျေးရွာအနေနဲ့လည်း မသိရှိဘူး။ အဲဒီလိုဖြစ်နေတဲ့အတွက်ကြောင့် ဒီရန်ပုံငွေကို တခြားနေရာများမှာ ပြောင်းများပြောင်းရွှေ့ထားသလား။ ဘယ်လိုအစီအစဉ်နဲ့ ဒီရန်ပုံငွေပျောက်ဆုံးနေသလဲဆိုတာကို သိရှိလိုတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ဒါကို တင်ပြခြင်းဖြစ်ပါတယ်။ ကျေးရွာပြည်သူလူထုကလည်း သူတို့ကျောင်းအစုတ်ကလေး အသစ်ပြန်ဖြစ်စေချင်တဲ့အတွက်ကြောင့် ဆက်လက်ပြီးတော့ ဒီကိစ္စကို လွှတ်တော်မှာတင်ပြပေးဖို့ ကျွန်တော့်ကို တိုက်တွန်းတဲ့အတွက်ကြောင့် ကျွန်တော် အခုလိုမေးရခြင်း ဖြစ်ပါတယ်။

**မူကြမ်း**

အဲဒီတော့ ပထမမေးခွန်းအနေနဲ့ ရန်ပုံငွေခွင့်ပြုသည့်ကျောင်း ထိုရန်ပုံငွေကို အသုံးမပြုခြင်းကို ဝန်ကြီးဌာနက သိရှိပါသလားဆိုတဲ့မေးခွန်း။ ဒုတိယအနေနဲ့ကတော့ အဲဒီရန်ပုံငွေကို အသုံးမပြုနိုင်ဘဲနဲ့ ဘဏ္ဍာရေးနှစ်လွန်သွားတယ်ဆိုရင်လည်းပဲ ကျွန်တော်တို့ ပြည်ထောင်စုမှာ ပြန်လည်ပြီးတော့ အပ်နှံတာရှိပါသလား။ ဒီရန်ပုံငွေ ဘယ်နေရာများ ရောက်နေပါသလဲဆိုတဲ့ဟာကို ကျွန်တော်တို့ ရပ်ရွာပြည်သူလူထုအနေနဲ့ သိချင်ပါတယ်။ နောက်တစ်ခုအနေနဲ့ကတော့ အဲဒီကျေးရွာကို ပြန်လည်ပြီးတော့ ဒီကျောင်းကလေး ပြန်လည်တည်ဆောက်ပေးရန်အတွက် ဘဏ္ဍာငွေချပေးနိုင်မည်လား သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ချင်းပြည်နယ်၊ ဖလမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လိန်းရဲ့မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော်ကပဲ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ဖလမ်းမြို့ ပါလ်သဲအခြေခံပညာအထက်တန်းကျောင်းတွင် ၆၀ ပေx ၃၀ ပေ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတစ်ထပ် အသစ်ဆောက်လုပ်ရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေခေါင်းစဉ်အောက်မှ ငွေကျပ် ၁၈ သန်းကို ခွင့်ပြုခဲ့ပြီးဖြစ်သော်လည်း ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ထောက်ခံချက်ဖြင့် ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံးမှ ပါလ်သဲအခြေခံပညာမူလတန်းကျောင်းအစား ခေါလုံးအခြေခံပညာမူလတန်းကျောင်းသို့ ပြောင်းရွှေ့ဆောက်လုပ်ရန် တင်ပြခဲ့သောကြောင့် ကျောင်းအမည်ပြောင်းလဲဆောက်လုပ်ခွင့်အား ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုခဲ့ခြင်း ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ မှာလည်း ချင်းပြည်နယ်မှာ ဆိုလို့ရှိရင် ကျောင်းပြောင်းပြီးတော့ ဆောက်လုပ်ဖို့ ပြည်နယ်အစိုးရထောက်ခံချက်နဲ့တင်ပြတာ သုံးကျောင်းရှိပါတယ်။ တစ်ကျောင်းကတော့ အ.ထ.က(ခွဲ)ထန်တလန်ကနေ အ.ထ.က(ခွဲ)လုံလဲကို သွားပြီးတော့ တစ်ကျောင်းကတော့ ဖလမ်းမြို့ အ.မ.က(ပါလ်သဲ)ကနေပြီးတော့ အ.မ.က(ခေါလုံး)ကိုပြောင်းခြင်းဖြစ်ပါတယ်။ နောက်ဖလမ်းမှာပဲ အ.မ.က(တွီးဒီးလ်)ကနေပြီးတော့ အ.မ.က (အဲမွန်ပီး)ကို ပြောင်းရွှေ့ရတဲ့အတွက် ပြောင်းရွှေ့ဆောက်လုပ်ပေးပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးခွန်လိန်း(ဖလမ်းမဆန္ဒနယ်)**။ ။ ကျွန်တော်တို့ ကြားသိရသလောက်တော့ ဒီ အ.မ.က (ပါလ်သဲ)ကျောင်းကိုပြောင်းတယ်ဆိုတာ ကျွန်တော်တို့ မကြားပါဘူး။ အ.မ.က(ခေါလုံး)ကိုပြောင်း သွားတဲ့ ရန်ပုံငွေက ကျွန်တော်တို့ တင်ပြတဲ့အထဲမှာပါတဲ့ တွီးဒီးလ်ဆိုတဲ့ရွာက ဖြစ်ပါတယ်။ အဲဒီ တွီးဒီးလ်က ဖလမ်းရဲ့အရှေ့ပိုင်းမှာရှိပါတယ်။ မဏိပူရမြစ်ရဲ့အရှေ့ပိုင်းမှာ ရှိပါတယ်။ အဲဒီ အ.မ.က (တွီးဒီးလ်)က ပြည်နယ်ဖွံ့ဖြိုးရေး ရန်ပုံငွေသိန်း ၆၀ နဲ့ သူတို့ဆောက်လုပ်ပြီးဖြစ်တဲ့အတွက်ကြောင့် အဲဒီရန်ပုံငွေကို အဲဒီတုန်းက ထွေ/အုပ်ဦးစီးမှူးကိုယ်တိုင်က ကျွန်တော့်ကို အဲဒီကနေပြီးတော့ ခေါလုံးကို ပြောင်းလိုက်ပါတယ်လို့ ကျွန်တော့်ကို ပြောပြပါတယ်။ အဲဒီတော့ ပါလ်သဲကနေပြောင်း တာမဟုတ်ဘဲနဲ့ တွီးဒီးလ်ကနေပြီးတော့ ခေါလုံးကိုပြောင်းတာဖြစ်ပါတယ်။ အဲဒီတော့ ပါလ်သဲက ဘယ်မှာရောက်သွားသလဲဆိုတာ ပြန်လည်ပြီးတော့ စစ်ဆေးဖို့လိုပါလိမ့်မယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ပြန်စိစစ်ပေးမယ်လို့ ဖြေကြားသွားပါတယ်။

**ရေစကြိုမြို့နယ်အတွင်းရှိ လမ်းပန်းဆက်သွယ်မှုခက်ခဲသော ဒေသများရှိအထက်တန်းကျောင်းများတွင် နယ်ဝေးမှ တာဝန်ကျဆရာဆရာမများအတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန်နှင့် အန္တရာယ်ရှိ ကျောင်းဆောင်များကို ပြင်ဆင်ရန်/အသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးတင်ဌေးအောင်၊ ရေစကြိုမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်ဌေးအောင်(ရေစကြိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ပညာရေးနှင့် ပတ်သက်တဲ့မေးခွန်းတစ်ခု မေးမြန်းသွားဖို့ ရှိပါတယ်။ ဒီမေးခွန်း ဘာလို့ဖြစ်ပေါ်လာလဲဆိုတော့ ကျွန်တော် မြို့နယ်ထဲကိုလှည့်တဲ့ အခါမှာ လမ်းပန်းဆက်သွယ်မှုခက်တဲ့ဒေသများမှာရှိတဲ့ အထက်တန်းကျောင်းများမှာ နယ်ဝေးဒေသက တာဝန်ကျဆရာဆရာမများအတွက် နေရေးထိုင်ရေး ရွာကနေစီစဉ်ပေးရတာဟာ အင်မတန် ခက်ခဲ နေတာကို တွေ့ရပါတယ်။ တချို့မှာ စာသင်ခန်းများအချို့ကို ခန်းဆီးလိုက်ကာများနဲ့ စီစဉ်ပေးရတာဟာ တော်တော့်ကို ခက်ခဲတာတွေ့ရပါတယ်။ အိမ်ထောင်သည်ဆရာဆရာမများထက် အိမ်ထောင်မရှိတဲ့ ဆရာမများအတွက် စီစဉ်ပေးတဲ့နေရာမှာ သူတို့ရဲ့လုံခြုံရေး၊ သန့်ရှင်းရေး၊ ဆရာဆရာမများရဲ့ ဂုဏ်သိက္ခာနှင့်ညီစွာ နေထိုင်နိုင်ရေးကို စီစဉ်တဲ့နေရာမှာ ရွာတွေမှာ တော်တော်ခက်ခဲနေတာရှိပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းနေပျော်၍ စာတော်ရမည်ဆိုတဲ့ စကားဟာ ပညာသင်သားဖြစ်တဲ့

ကျောင်းသူကျောင်းသားတွေအတွက်ချည်းမဟုတ်ပါဘူး။ သူတို့ကို ပညာသင်ကြားပေးမယ့် ဆရာဆရာမများ သူတို့တာဝန်ကျရာကျောင်းများမှာ အနေပျော်ဖို့၊ ကောင်းမွန်စွာနေထိုင်နိုင်ဖို့ စိမ်ပေးဖို့ လိုအပ်တယ်ဆိုတာလည်း လက်ခံရမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ပထမမေးခွန်းအနေနဲ့ ကျွန်တော်မေးမြန်းလိုတာက မြို့နယ်အတွင်းမှာရှိတဲ့ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ဒေသများမှာရှိတဲ့ အထက်တန်းကျောင်းများမှာ နယ်ဝေးမှ တာဝန်ကျ ဆရာဆရာမများအတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ဒုတိယမေးခွန်းအနေနဲ့ကတော့ ကျွန်တော်တို့ ရေစကြိုမြို့နယ်မှာ နှစ်ပေါင်း ၄၀ ကျော်ကြာပြီးတော့ အန္တရာယ်ရှိကျောင်းဆောင်အဖြစ်နဲ့ တိုင်းပညာရေးဦးစီးကနေ သတ်မှတ်ထားသော်လည်းပဲ ယနေ့အထိ မပြင်နိုင်သေးတဲ့ ကျောင်းများစွာရှိပါတယ်။ ဥပမာအားဖြင့် လှေကုတ်၊ ဇရပ်နီ၊ မြေစွန်းတော် စတဲ့ကျောင်းတွေဖြစ်ပါတယ်။ ဇရပ်နီကျောင်းဆိုလို့ရှိရင် လှေကားရင်းကနေပြီးတော့ စူးတွေအုံပြီးတော့ ကျောင်းသားများမတက်နိုင်အောင်ကိုပဲ ကာကွယ်ပေးထားပြီးတော့ ရွာကနေ တဲထိုးပြီးတော့ ကလေးတွေစာသင်ပေးရတဲ့အဆင့် ဖြစ်ပါတယ်။ ဒါ့ကြောင့် ထိုအန္တရာယ်ရှိကျောင်းဆောင်များကို ပြင်ဆင်ရန်/အသစ်ဆောက်လုပ်ပေးရန်လုပ်ငန်းများ ဆောလျင်စွာဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိတို့ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါသည်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ပညာရေးဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဋ္ဌေးအောင်ရဲ့ မေးခွန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်တွင် အခြေခံပညာကျောင်းပေါင်း ၁၇ ကျောင်းအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေခေါင်းစဉ်အောက်မှ ငွေကျပ် ၄၄၂.၈၀၀ သန်းကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြို့နယ်ဦးစားပေးအစီအစဉ်၊ ကျောင်းအလိုက် တန်းစီဇယားအလိုက် ထည့်သွင်းလျာထားပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေခေါင်းစဉ် အောက်တွင် ပါရှိခြင်းမရှိသည့် စိစစ်သတ်မှတ်ပြီး အန္တရာယ်ရှိကျောင်းများကို ဖြည့်စွက်ခွင့်ပြုငွေ (SG) တွင် တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ဥပဓိရုပ်မကောင်းသည့်ကျောင်းများနှင့် ထပ်မံတိုးလာသည့် ကျောင်းများအားလည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ ဘဏ္ဍာရေးနှစ်အလိုက် ငွေလုံးငွေရင်း ရန်ပုံငွေခေါင်းစဉ်အောက်မှ မြို့နယ်ဦးစားပေးအစီအစဉ်အလိုက်၊ ကျောင်းအလိုက်လျာထား ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ ယခုကိုယ်စားလှယ်တင်ပြသည့် ဝန်ထမ်းအိမ်ရာများနှင့် ကျောင်းဆောင်များအသစ်ဆောက်လုပ်ပေးရန် လောလောဆယ်အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့တွင် ဘွဲ့နှင်းသဘင်ခန်းမ (Convocation) တစ်ခုတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းမြင့်၊ ပြည်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ပြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်မှာ ပြည်တက္ကသိုလ်၊ ပြည်နည်းပညာတက္ကသိုလ်၊ ပြည်ကွန်ပျူတာတက္ကသိုလ်၊ အဝေးသင်တက္ကသိုလ်နှင့် ကောလိပ်များ များစွာရှိနေပါတယ်။ အဲဒီကောလိပ်၊ တက္ကသိုလ်များမှာဆိုရင် ကျောင်းသားကျောင်းသူတွေဟာ တစ်နှစ်၊ တစ်နှစ်ကို သောင်းချီပြီး ပညာသင်ကြားနေပြီးတော့ တစ်နှစ်တစ်နှစ်ကို ဘွဲ့ကိုလည်း ထောင်ချီပြီးပေးနေရတာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်တက္ကသိုလ်မှာ ဆိုရင်လည်း တစ်နှစ်ကို ကျောင်းသားဦးရေ ၁၀၀၀ ခန့်ကို ဘွဲ့ပေးရာမှာ ပြည်တက္ကသိုလ်မှာရှိတဲ့ Assembly ခန်းမမှာပဲ သူတို့ကျောင်းသားမိဘအပါအဝင် လူ ၂၀၀ စီလောက်ကို လေးကြိမ်၊ ငါးကြိမ်ခွဲပေးနေရပါတယ်။ တစ်ခါ နည်းပညာတက္ကသိုလ်ဆိုလည်း စည်ပင်သာယာပိုင်ဖြစ်တဲ့ခန်းမကို ငှားပြီးတော့ ဘွဲ့ပေးနေရပါတယ်။ အဲဒီတော့ တက္ကသိုလ်ကြီးများရှိပြီးတော့ ဘွဲ့နှင်းသဘင်မရှိတဲ့အတွက် ကျွန်တော်တို့ ပြည်မှာရှိတဲ့ တက္ကသိုလ်ပေါင်းစုံအတွက် ဘွဲ့နှင်းသဘင်တစ်ခု (Convocation) တစ်ခုလုပ်ပေးရန်အတွက် အောက်ပါမေးခွန်းကို မေးလိုပါတယ်ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ရှိ တက္ကသိုလ်များ အသုံးပြု

ရန်အတွက် ဘွဲ့နှင်းသဘင်ခန်းမ (Convocation) တစ်ခုတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်မှာ တည်ဆောက်မှာဖြစ်ပြီးတော့ အစီအစဉ်မရှိပါက မည်သည့်ကြောင့်လို့ သိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်း အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ရဲ့ မေးခွန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့တွင် တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ အသုံးပြုနိုင်ရန်အတွက် ဘွဲ့နှင်းသဘင်ခန်းမတစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပြည်တက္ကသိုလ်တွင် လေးထပ်စာသင်ဆောင် ၈၀ ပေ x ၃၀ ပေ အကျယ် လူဦးရေ ၅၀၀ ဦးခန့်ဆံ့ခန်းမမှာ ဘွဲ့နှင်းသဘင်အခမ်းအနားကို နှစ်စဉ်ကျင်းပလျက်ရှိပါသဖြင့် ပညာရေးဝန်ကြီးဌာနအနေဖြင့် လောလောဆယ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဘွဲ့နှင်းသဘင်ခန်းမတည်ဆောက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ မြို့မရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မ(၂၉၂)ရှိ ဆစ်ခ်ဘာသာဝင်များ၏ ခါလ်ဆာကျောင်းအား ပညာရေးဝန်ကြီးဌာနသို့ ငှားရမ်းပေးခဲ့ရာ ဆစ်ခ်ဘုရားကျောင်း ဂေါပက/ကော်မတီသို့ ပြန်လည်ပေးဆပ်ရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်နန်းဝါနု၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါရှင့်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ မြို့မရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မ(၂၉၂) မြေစာရင်းဦးစီးဌာနရဲ့ အကွက်အမှတ်(၃၅) ဦးပိုင်အမှတ်(၃၂၀) မြေကွက်အမှတ်(၂၀၈)ရှိ ဧရိယာ ၀.၂၄၈ စတုရန်းပေ ၁၀၈၀ စု မြေဥပစာနှင့် ခါလ်ဆာကျောင်းအဆောက်အဦကို ဂရန်များ စတင်ချထားစဉ်ကတည်းက မြေခွန်တော်အမှုတွဲအမှတ်(၅၀) အရ အိန္ဒိယမျိုးနွယ်ဝင် ဆစ်ခ်ဘာသာဝင်များရဲ့ ဆစ်ခ်ဘုရားကျောင်းဂေါပက

အမည်ပေါက် ခါလ်ဆာကျောင်း ဖြစ်ပါတယ်။ ခါလ်ဆာကျောင်းက ဦးနု ခေတ်မှစတင်ပြီး အိန္ဒိယနွယ်ဝင် ဆစ်ခ်ဘာသာဝင် လူမျိုးများပိုင်ဆိုင်ပြီး အမည်ပေါက်ခဲ့ကာ ကျောင်းဝန်းအတွင်းရှိ ၇၀ x ၂၀ ပေရှိ နှစ်ထပ်ကျောင်းဆောင်ကို ရွှံ့ကျောက်နဲ့ ၁၉၆၂ ခုနှစ်မှာ ၎င်းတို့ရဲ့ ကိုယ်ပိုင်ရန်ပုံငွေနဲ့ တည်ဆောက်ခဲ့ပါတယ်။ ၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်စွဲပါ ရန်ကုန်မြို့ အခြေခံပညာဦးစီးဌာန စာအမှတ်၊ ဌာနစု ၇/၈၉၅၀၆/၆၇ ခ ၇၃(၈၉၆၈၁) စာအရ ပြည်သူပိုင် သိမ်းဆည်းခဲ့ခြင်းမရှိပါဘူး။ နိုင်ငံတော်က ၁၉၆၆ ခုနှစ်တွင် ထိုအဆောက်အဦကို လူမှုဝန်ထမ်းဦးစီးဌာနမှ မူလတန်းကြိုကျောင်း ဖွင့်လှစ်ရန်အတွက်လည်းကောင်း၊ ၁၉၆၇ ခုနှစ်၊ မေလ ၂၂ ရက်နေ့မှာ အ.မ.က(၆) မူလတန်းကျောင်းအဖြစ် ငှားရမ်းပြီးတော့ စတင်ငှားရမ်းချိန်ကနေစပြီး ယခုထိ အဆောက်အဦငှားရမ်းခငွေမှာ တစ်လလျှင် ၂၇၅ ကျပ်နှုန်းဖြင့်သာ ရရှိခဲ့ပါတယ်။ ခါလ်ဆာဘုရားကျောင်းဂေါပကက အဆိုပါကျောင်းအဆောက်အဦနှင့်ပတ်သက်ပြီးတော့ နှစ်စဉ် စည်ပင်ခွန်ငှားရမ်းခ ခြောက်လအတွက် ၈၂၀၀ ကျပ်နဲ့ အခြားအခွန်ခကို အသင်းပိုင်ရန်ပုံငွေကနေ ပေးနေရပါတယ်။ အဲဒီအပြင် ထိုအဆောက်အဦမှာ နှစ်ပေါင်း ၄၇ နှစ်ကျော်ကြာမြင့်ပြီး ဆောက်လုပ်စဉ် သံချောင်းများ ပါဝင်မှုမရှိခြင်း၊ ရွှံ့ကျောက်များအဖြစ်သာ အသုံးပြုခဲ့ခြင်း၊ လွန်ခဲ့တဲ့ငါးနှစ်ခန့်က အောက်ခြေမြေညီထပ်မှစတင်ပြီး အဆောက်အဦ အပေါ်သို့ ပေ ၃၀ ခန့်အထိ အက်ကွဲပျက်စီးရာ ယာယီသာ ဖာထေးပေးခဲ့ရခြင်း၊ အချိန်မရွေးပြိုကျနိုင်ခြင်းနှင့် စိုးရိမ်ဖွယ်အနေအထားသို့ ရောက်ရှိနေပါတယ်။ ယခုလက်ရှိမှာ ကျောင်းသားကျောင်းသူများက မူလတန်းဖြစ်နိုင်တဲ့အခြေအနေ အနေအထားမရှိတဲ့အပြင် ကျောင်းသားများရဲ့ အသက်အန္တရာယ်ကိုလည်း စိုးရိမ်နေရပါတယ်။ စုစုပေါင်း ဆရာမအပါအဝင် အယောက် ၅၀ ခန့်သာ ရှိပါတယ်။

သို့ဖြစ်ပါသောကြောင့် မေးမြန်းလိုသည်မှာ အထက်ပါခါလ်ဆာကျောင်းအဆောက်အဦကို အရန်များ စတင်ချထားစဉ်ကတည်းက မြေခွန်တော်အမှုတွဲအမှတ်(၅၀)အရ အိန္ဒိယမျိုးနွယ်ဝင် ဆစ်ခ်ဘာသာဝင်များရဲ့ ဆစ်ခ်ဘုရားကျောင်း ဂေါပကအမည်ပေါက်ခြင်း၊ စတင်ငှားရမ်းချိန်ကစ၍ ယနေ့တိုင် ငှားရမ်းခငွေ တစ်လလျှင် ၂၇၅ ကျပ်နှုန်းဖြင့်သာရရှိခြင်း၊ ထိုအဆောက်အဦမှာ နှစ်ပေါင်း ၄၇ နှစ်ကျော်ကြာမြင့်ပြီး သံချောင်းများမပါ၊ ရွှံ့ကျောက်များဖြင့်သာအသုံးပြုခဲ့ခြင်း၊ လွန်ခဲ့သည့် ငါးနှစ်ခန့်က ထိုအဆောက်အဦမှာ ပေ ၃၀ ခန့်အထိ အက်ကွဲပျက်စီးရာ ယာယီသာ ဖာထေးပေးခဲ့ရခြင်း၊ အချိန်မရွေးပြိုကျနိုင်ခြင်းနှင့် စိုးရိမ်ဖွယ်အနေအထားသို့ ရောက်ရှိနေပါသဖြင့် အဆိုပါဥပစာနှင့် အဆောက်အဦကို မူလပိုင်ရှင်ဖြစ်သော အိန္ဒိယမျိုးနွယ်ဝင်ဆစ်ခ်ဘာသာဝင်များ၏ ဆစ်ခ်ဘုရား

ကျောင်းဂေါပကသို့ ပြန်လည်ပေးအပ်ပါမည်လား။ မပေးအပ်နိုင်ဟုဆိုပါက အဘယ်ကြောင့်နည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကွန်ဟိန်း မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနု မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော်မှ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ မြို့မရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၂၉၂) အိန္ဒိယမျိုးနွယ်ဝင် ဆစ်ခ်ဘာသာဝင်၏ ဆစ်ခ်ဘုရားကျောင်း ဂေါပကအမည်ပေါက် ခါလ်ဆာကျောင်းအဆောက်အဦနှင့်ပတ်သက်၍ ၎င်းကျောင်းသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ မြို့မရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၂၉၂)၊ (ဂ)ရပ်ကွက်၊ အမှတ်(၃၅)၊ ဦးပိုင်အမှတ်(၃၂၀) မြေကွက်အမှတ်(၂၀၈) မြေဧရိယာ ၀.၂၄၈ ကျယ်ဝန်းသည့်မြေပေါ်တွင် ကျောင်းဆောင် ၁၂၇.၅ ပေ နှစ်ထပ်ဆောင်ကို ၁၉၆၂ ခုနှစ်တွင် ဆစ်ခ်လူမျိုးများက တည်ဆောက်ခဲ့ပြီး ဆစ်ခ်လူမျိုးပိုင် ခါလ်ဆာကျောင်းဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနမှ အမှတ်(၆) အခြေခံပညာ မူလတန်းကျောင်းဖြင့် ငှားရမ်းကာဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ငှားရမ်းခမှာ တစ်လလျှင် ၂၇၅ ကျပ်ဖြင့် ငှားရမ်းခဲ့ပါတယ်။ လက်ရှိအချိန်တွင် အမှတ်(၆) အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသားကျောင်းသူ ၈၂ ဦး၊ ဝန်ထမ်းခြောက်ဦး၊ စာသင်ခန်းငါးခန်း၊ ရုံးခန်းတစ်ခန်း၊ ကျောင်းအုပ်ကြီးရုံးခန်းတစ်ခန်းဖြင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ မြို့မရပ်ကွက်တွင် ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်အသုံးပြုရန် မြေနေရာမရှိခြင်း၊ ကျောင်းမြေနေရာရွေးချယ်တင်ပြရန် အခက်အခဲရှိခြင်းတို့ကြောင့် လောလောဆယ် ပြန်လည်ပေးအပ်နိုင်ခြင်းမရှိသေးပါကြောင်းနှင့် အဆိုပါကိစ္စနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက် တောင်းခံဆောင်ရွက်ထားပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါရှင့်။ နောက်ဆက်တွဲ မေးခွန်း နေနဲ့ ကျွန်မ မေးချင်ပါတယ်။ ၂၅-၁၁-၂၀၁၄ ရက်နေ့မှာ ခါလ်ဆာကျောင်းကိစ္စနှင့်ပတ်သက်ပြီး တော့ တောင်ကြီးမြို့၊ မြို့နယ်ထွေ/အုပ်မှာ ဌာနဆိုင်ရာများ ရပ်ကွက်အုပ်ချုပ်ရေးမှူးများအပါအဝင် အစည်းအဝေးလုပ်ပြီး ကွင်းဆင်းပြီးတော့ စစ်ဆေးခဲ့ပါတယ်။ ကွင်းဆင်းစစ်ဆေးပြီးတော့ ၎င်းတို့က အထောက်အထားပြည့်စုံ၍ ပြန်ပေးရမှာပဲဟု ပြန်ပြောခဲ့ပြီး ကျွန်မအား ပြန်လည်တင်ပြခဲ့သည်ကို သိပါသလား။ ၂၅-၁၁-၂၀၁၄ ရက်နေ့တွင် ကွင်းဆင်းစစ်ဆေးပြီးဖြစ်၍ ရှမ်းပြည်နယ်အစိုးရရဲ့ သဘောထားကို အလျင်အမြန်ရယူပေးနိုင်ပါမည်လား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မြေကွက်များကို ပြည်သူလူထုများနှင့် ဝန်ထမ်းများ၊ ကိုယ်စားလှယ်များအား မြေကွက်ချထားပေးသည့်မှာ မြေနေရာ ရှိထားသေးကြောင်း ပေါ်လွင်နေပါသဖြင့် အဆိုပါမြေနေရာ အလျင်အမြန်ရရှိအောင် ဆောင်ရွက်ပေးနိုင်ပါမည်လား။ အဆိုပါကျောင်းအဆောက်အဦမှာ နှစ်ပေါင်း ၄၇ နှစ်ကျော်ကြာမြင့်ပြီး ဆွေးမြေ့အက်ကွဲကာ အချိန်မရွေးပြိုကျနိုင်ပြီး ဆရာ ဆရာမများ၊ ကလေးများ အသက်အန္တရာယ်ရှိသည်ကို သိပါသလား။ အဆိုပါ ဆရာ ဆရာမများ၊ ကလေးများရဲ့အသက်ကို အစိုးရကမည်ကဲ့သို့ အာမခံချက်ပေးပါမည်နည်း။ ထိုအဆောက်အဦပြိုကျပျက်စီးသွားပါက မူလပိုင်ရှင်ကို ယခုလက်ရှိပေါက်စျေးအတိုင်း ပေးလျော်နိုင်ပါမည်လားလို့ သိလိုပါတယ်ရှင်။

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ကျေးဇူးတင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး စိတ်ဝင်စားတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ သဘောထားလေးကို ကျွန်တော် တင်ပြပါ့မယ်။ ပညာရေးဝန်ကြီးဌာနဟာ ဒေသခံတွေရဲ့ပညာရေးကို အားပေးခြင်းသာဖြစ်ပါတယ်။ စီးပွားရေးလုပ်နေတာမဟုတ်ပါဘူး။ ဒီဒေသမှာရှိတဲ့ကျောင်း ချက်ချင်းဖျက်သိမ်းလိုက်လို့ရှိရင် ဒီဒေသမှာရှိတဲ့ကျောင်းသူကျောင်းသားတွေရဲ့ ပညာရေးထိခိုက်သွားမှာပဲ စိုးရိမ်ပါတယ်။ ဒါကြောင့်မို့လို့ သူတို့ရဲ့သဘောထားကို ကျွန်တော်တို့က ပြန်တောင်းခြင်းပဲဖြစ်ပါတယ်။ စီးပွားရေးလုပ်နေခြင်းလည်းမဟုတ်ပါဘူး။ အဲဒီတော့ ဒီဒေသမှာရှိတဲ့ကျောင်းသူကျောင်းသားဟာ ဒီဒေသအနီးတစ်ဝိုက်မှာ ပြန်လည်ထားမှသာ အဆင်ပြေမှာဖြစ်ပါတယ်။ ကျန်တဲ့အစိတ်အပိုင်းကတော့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရရဲ့ သဘောသဘာဝအတိုင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်စားလှယ်တော်ကြီး မေးတဲ့အချက်တွေကို တစ်ချက်ချင်း ပြည်နယ်အစိုးရအဖွဲ့ကို မေးမြန်းသွားပါ့မယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီမေးခွန်းမျိုးပဲ ပြီးခဲ့တဲ့ယခင်အပတ်က ဒဂုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနန္ဒကျော်စွာ မေးသွားတာရှိပါတယ်။ ဒုတိယဝန်ကြီးလည်း သူဖြေနိုင်တဲ့အတိုင်း အတာဘက်က ဖြေသွားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဖြေတဲ့နေရာမှာ ကျောင်းသားများပြန်လည်ကျောင်းတက်နိုင်ဖို့၊ ပြန်လည်စာသင်နိုင်ဖို့ ဒီကျောင်းရဲ့အနီးတစ်ဝိုက်မှာ ကျောင်းရှိ/မရှိ။ ကျောင်းရဲ့အခြေအနေကိုပေါ်လွင်တဲ့ ဓာတ်ပုံ၊ ရုပ်ပုံကားချပ်များ တင်ပြပေးမယ်ဆိုရင် ပိုပြီးတော့ဌာနဘက်က ဆောင်ရွက်ပေးနိုင်တဲ့အနေအထားရှိပါတယ်။ ဒါကြောင့် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်အနေနဲ့ ပြန်လည်သုံးသပ်ပြီး ဆောင်ရွက်နိုင်အောင်ဖြစ်ပါတယ်။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ အ.လ.က(၈)နှင့် အ.လ.က(၈)ကျောင်းခွဲရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မကြားပါဘူး။ ပြန်ပြောပါ။ ခုနကနဲ့ ဆက်စပ်ပါတယ်။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ ဒီ ခါလ်ဆာကျောင်းကို ဗဟိုပြုပြီးတော့ သူ့ရဲ့တောင်ဘက်နှင့် မြောက်ဘက်မှာ အနီးဆုံးတစ်ဘလောက်ကျော်မှာ အ.လ.က(၈)နှင့် အ.လ.က(၈)ကျောင်းခွဲနှစ်ကျောင်းရှိပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ ဒါတွေတော့ ဗဟိုအစိုးရအနေနဲ့ မသိနိုင်ဘူးလေ။ တင်ပြတဲ့အခါမှာ ခုနကဲ့သို့ ပြည့်ပြည့်စုံစုံပေါ့။ ဒီကျောင်းရဲ့အကွာအဝေးဘယ်လောက်မှာ ဘာကျောင်းရှိပါတယ်။ အဲဒီကျောင်းမှာလည်း အကယ်လို့ ဒီကျောင်းက ကလေးတွေပြောင်းရွှေ့စာသင်မယ်ဆိုလည်း ဖြစ်နိုင်ပါတယ်ဆိုတဲ့တင်ပြချက်မျိုးဆိုရင် ပြည်ထောင်စုအစိုးရအနေနဲ့ ပိုပြီးတော့သိနိုင်မှာပေါ့။ ပြည်ထောင်စုအစိုးရအနေနဲ့လည်း အခုဖြေကြားတာက သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရရဲ့ တင်ပြချက်အပေါ်မူတည်ပြီး ဖြေရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခုနကပြောသလိုပဲ။ တင်ပြတဲ့နေရာမှာ ဒီကျောင်းတကယ်လို့ဖျက်သိမ်းမယ် သို့မဟုတ်ရင် ဒီကျောင်းခုနကအသုံးမပြုနိုင်ဘူးဆိုရင် ပတ်ဝန်းကျင်မှာဘာကျောင်းရှိတယ်။ အကွာအဝေးက ဘယ်လောက်ရှိတယ်စသဖြင့် ဒီလိုပြည့်ပြည့်စုံစုံ သီးခြားတင်ပြဖို့လည်းလိုမယ်။ ဒီဟာနဲ့ပတ်သက်လို့ ပြီးခဲ့တဲ့ ယခင်အပတ်က မေးခွန်းမေးခဲ့တဲ့ ဒဂုံမြို့နယ်နှင့်ပတ်သက်ပြီးတော့ အခုကဲ့သို့ ပြန်လည်တင်ပြဖို့လိုသလို သက်ဆိုင်ရာကျောင်းက အန္တရာယ်ဖြစ်စေနိုင်တဲ့ကျောင်းလို့ ဖော်ပြနိုင်အောင်လည်း နှုတ်နဲ့ပြောတာထက် ဓာတ်ပုံမှတ်တမ်းနဲ့ တင်ပြတာပိုပြီးသင့်မြတ်ပါတယ်။ ဒါကြောင့်မို့လို့ ဖြေတဲ့သူအတွက်ကော၊ မေးတဲ့သူအတွက်ကော ပိုမိုအကျိုးရှိအောင်အခုလို ကြားဖြတ်ပြီးပြောရခြင်းဖြစ်ပါတယ်။

**မူကြမ်း**

**ပြည်ထဲရေးဝန်ကြီးဌာနက အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း တင်သွင်းရန် ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနအား ဥပဒေကြမ်းတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က တင်သွင်းသွားမှာ ဖြစ်ပါတယ်။ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေကို ၁၈၉၉ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ ယင်းအက်ဥပဒေမှာ အခန်း(၉)ခန်း ပုဒ်မပေါင်း ၄၅ ခု ပါဝင်ပြီးတော့ အထက်မြန်မာနိုင်ငံမှ သရက်ခရိုင်နှင့် အောက်မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာ အာဏာသက်ရောက်တဲ့အတွက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေလို့လည်း ခေါ်ဆိုကြပါတယ်။ ယင်းအက်ဥပဒေဟာ မြို့နှင့်ကျေးရွာများကို မြေများနှင့်ပတ်သက်ပြီး အကျိုးစီးပွားပိုင်ဆိုင်ခွင့်နှင့် အခွန်အကောက်စည်းကြပ်ကောက်ခံရန် ပြဋ္ဌာန်းထားသော အက်ဥပဒေလည်းဖြစ်ပါတယ်။ မူရင်းဥပဒေပုဒ်မ ၉ မှာ မြေပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်းပြီးတော့ စစ်တွေမြို့မှာ ၁၈၅၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့၊ ပုသိမ်မြို့မှာ ၁၈၇၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့၊ ပြည်မြို့မှာ ၁၈၇၀ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်ပြီးတော့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေအတည်ဖြစ်သည့် ၉-၉-၁၈၉၉ ရက်နေ့တိုင်အောင် စဉ်ဆက်မပြတ်လက်ရှိနေထိုင်သူမည်သူမဆို မြေပိုင်ဆိုင်ခွင့်ရရှိကြောင်းမှတ်ယူရန် ပြဋ္ဌာန်းထားရာ ယင်းပြဋ္ဌာန်းချက်များသည် လက်ရှိအခြေအနေတွင် ကျင့်သုံးရန်မလိုအပ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

ဒါ့အပြင် ပုဒ်မ ၂၃ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၃)ပါ ခါတ်သတ္တုတူးဖော်ခြင်း၊ မြေငှားစာချုပ်အရ ဖြစ်စေ၊ လိုင်စင်အရဖြစ်စေ၊ အခြားနည်းလမ်းအရဖြစ်စေ စီမံဆောင်ရွက်ခြင်း၊ အခွန်အခများ

စည်းကြပ်ကောက်ခံခြင်း၊ ဓာတ်သတ္တုများကို လက်ရှိထားခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်းနှင့်စပ်လျဉ်းတဲ့ပြဋ္ဌာန်းချက်များဟာလည်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရဲ့ ၆-၉-၁၉၉၄ ရက်စွဲပါ ဥပဒေအမှတ်(၈/၁၉၉၄)ဖြင့် မြန်မာ့သတ္တုတွင်းဥပဒေကို သီးခြားပြဋ္ဌာန်းပြီးဖြစ်၍ ပယ်ဖျက်ရန်လိုအပ်ကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။ ပုဒ်မ ၄၃ ပုဒ်မခွဲ(က)မှာ ဥပဒေပြဋ္ဌာန်းချက်များကို ကျူးလွန်တဲ့အတွက် ပြစ်ဒဏ်များချမှတ်ခြင်းနှင့်ပတ်သက်ပြီးတော့ သတ်မှတ်ထားသော တစ်လထက်မပိုတဲ့ထောင်ဒဏ် သို့မဟုတ် ကျပ် ၂၀၀ ထက်မပိုသော ငွေဒဏ်တို့ကလည်း ခေတ်ကာလနှင့်လျော်ညီခြင်းမရှိတဲ့အတွက် ပြင်ဆင်တိုးမြှင့်ပြဋ္ဌာန်းပေးရန် လိုအပ်ကြောင်းလည်းစိစစ်တွေ့ရှိရပါတယ်။

ယင်းအက်ဥပဒေဟာ မြန်မာနိုင်ငံလွတ်လပ်ရေးမရမီက ပြဋ္ဌာန်းခဲ့သောဥပဒေဖြစ်၍ ခေတ်ကာလနှင့်လျော်ညီအောင် ပြင်ဆင်ရန်အတွက်လည်းကောင်း၊ ၁၉၉၄ ခုနှစ်၊ မြန်မာ့သတ္တုတွင်းဥပဒေကို သီးခြားပြဋ္ဌာန်းပြီးဖြစ်သဖြင့် အက်ဥပဒေပါ ဓာတ်သတ္တုတူးဖော်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ပယ်ဖျက်နိုင်ရန်အတွက်လည်းကောင်း ပြင်ဆင်ရန်လိုအပ်ကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။ ဒါ့အပြင် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီရဲ့ ၃၀-၅-၂၀၁၄ ရက်စွဲဖြင့် ထုတ်ပြန်တဲ့တည်ဆဲဥပဒေများအနက်မှ ရုပ်သိမ်းရန်၊ ပြင်ဆင်ရန်နှင့် အသစ်ရေးဆွဲရန် ဆောင်ရွက်သင့်သည့် ဥပဒေများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာများတွင်လည်း အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေကို ပြင်ဆင်သင့်သောဥပဒေအဖြစ် ဖော်ပြထားရှိပါတယ်။ သို့ဖြစ်ပါ၍ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်မှ လက်ခံဆွေးနွေးပေးပါရန် တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးအောင်မြသန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီရဲ့ကိုယ်စား အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာအား ဖတ်ကြားရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးက ၁၁-၅-၂၀၁၅ ရက်နေ့တွင် ပေးပို့လာပါတယ်။

၂။ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီရဲ့ ၃၀-၅-၂၀၁၄ ရက်စွဲဖြင့် ထုတ်ပြန် သည့် တည်ဆဲဥပဒေများအနက် ရုပ်သိမ်းရန်၊ ပြင်ဆင်ရန်နှင့် အသစ်ရေးဆွဲရန် ဆောင်ရွက်သင့်သည့် ဥပဒေများနှင့်စပ်လျဉ်းတဲ့ အစီရင်ခံစာတွင် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေကို ပြင်ဆင်ရေးဆွဲသင့်သော ဥပဒေအဖြစ်ဖော်ပြထား၍လည်းကောင်း၊ ခေတ်ကာလနှင့်လျော်ညီအောင် ပြင်ဆင်လို၍လည်းကောင်း၊ ပြစ်ဒဏ်များကို ပြင်ဆင်နိုင်ရန်အတွက်လည်းကောင်း ရည်ရွယ်၍ တင်သွင်းရခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၄-၅-၂၀၁၅ ရက်နေ့တွင် ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါအခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ ပြည်ဆင်သည့်ဥပဒေကြမ်းတွင် ပုဒ်မ ၃ ခုသာပါရှိပြီး ခေတ်ကာလ နှင့်လျော်ညီစေရန် ပြင်ဆင်ထားသည့်အတွက် ဥပဒေကြမ်းကော်မတီမှ သဘောတူလက်ခံခဲ့ပါသည်။

၄။ သို့ပါ၍ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ

စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ဖတ်ကြားရှင်းလင်း အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသည့် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၀-၅-၂၀၁၅ ရက်(ကြာသပတေးနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၉)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၈)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၉)ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ မေလ ၂၀ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်း (၄၈) ရက်မြောက်နေ့ကို ၁၁း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**